

(စာစဉ်-၁၄)

# ပြန်လည်မွေးဖွားလာသော ယောက္ခမဆိုး

ဘာသာပြန် Miracle Phyu

# အခန်း (၂၇၆)
## – စာရွက်စာတမ်းများအားလုံးကို ဖယ်ထုတ်လိုက်ပြီး၊ ဖန့်ကျွင်းရုံသည် ကျန်းဝမ်ယုနှင့် တွေ့ဆုံရန် စီစဥ်ခဲ့သည် (၂)

*

ထိုဆောင်းပါးအောက်တွင် ဖရဲသီးစားသူများ၏ ရယ်မောသံများနှင့် မှတ်ချက်များ ပါရှိကာ လေထုဟာ ပျော်ရွှင်မှုတွေနဲ့ ပြည့်နှက်နေသည်။

[အိုး… ဘုရားရေ၊ ငါ အဲ့တာကို တကယ်တွေ့ခဲ့တယ်။ ဟိုင်ထျန်းက ပိုက်ဆံ အလုံအလောက် မပေးခဲ့တာ ဖြစ်ရမယ်။ ဟိုင်ထျန်း၊ မင်း ဘာဖြစ်လို့ အရမ်း တွန့်တိုနေရတာလဲ၊ ခေါင်းခါနေတဲ့ အီမိုဂျီလေးဖြင့်]

[ဒီဖရဲသီးက ငါ့ကို မိုက်နာစေတယ်။ အနာဂတ်မှာ 'နတ်သားလေး' ဆိုတဲ့ စကားလုံးကိုတောင် မကြည့်နိုင်တော့ဘူး။]

[ငါတော့ ပရိသတ်ကနေ ဆန့်ကျင်ဖက်ပရိသတ်ကို ကူးပြောင်းသွားပြီး၊ ဟိုး… ဟိုး… ဒီကြယ်ပွင့်နောက်ကို လိုက်ခဲ့တဲ့ ကာလတွေကို နွေးကျွေးလိုက်ပြီ။]

[ငါတို့ရဲ့ နတ်သားလေးကို ဒီလိုမျိုး အပြစ်မတင်သင့်ပါဘူး။ ဒီဈေးကွက် ရှာဖွေရေးအကောင့်တွေဟာ အနာဂတ်ကနေ အချိန်ကူးပြောင်းလာခဲ့ကြတာဖြစ်လို့ စာမူကို ကြိုပြီး ပြင်ဆင်ထားနိုင်တာ ဖြစ်ရမယ်၊ ခွေးခေါင်း အီမိုဂျီလေးဖြင့်]

တုန်းကျွင့်မင်က သူ့ဆံပင်တွေကို ဆွဲဆုပ်လိုက်ပြီး သူ့မျက်လုံးအောက်မှာ

ဖိအားများကြောင့် အမည်းကွင်းများပင် ထွက်ပေါ်လာခဲ့သည်။

ဒီဆောင်းပါးက တုန်းကျွင့်မင်၏ ကျောရိုးကို ချိုးဖျက်ပစ်လိုက်သည့် နောက်ဆုံးသော ကောက်ရိုးမျှင်တစ်ခု ဖြစ်လာခဲ့သည်။ ထောက်ကန်ထားသည့် သူ့လက်တွေ ယိုင်နဲ့နေပြီး သူ့ကြည့်ရသည်မှာ စိတ်ဓာတ်ကျနေပုံပေါ်သည်။ သူ နာမည်ပျက်သွားပြီ ဆိုတာကို သူ ကောင်းကောင်းသိပါသည်။ အနာဂတ်တွင် အပျက်သဘောဆောင်သော ကျော်ကြားမှုမျိုးနှင့်သာ သူ ကျော်ကြားပေတော့မည်။ ယခုအချိန်မှစ၍ သူ့ကိုယ်ပိုင်ရွေးချယ်ခွင့် မရှိတော့ဘူး။

တုန်းကျွင့်မင်သည် ကောလင်းကို ဖုန်းခေါ်ချင်ပေမယ့် သူ အကြိမ်ပေါင်းများစွာ ဖုန်းခေါ်နေပါစေ၊ တစ်ဖက်လူထံမှ ဖုန်းမအားသေးပါဆိုတဲ့ အချက်ပြသံကိုသာ အမြဲတမ်း ကြားနေခဲ့ရသည်။

တုန်းကျွင့်မင်သည် အရှုံးကို ရင်ဝယ်ပိုက်ပြီး သူ့အနာဂတ်အတွက် ယုံကြည်မှုအားလုံးကို ဆုံးရှုံးခဲ့ပြီ။

***

တစ်ချိန်တည်းမှာပင်၊ လီရှင်းယွင်နှင့် ကျုံးရီတို့သည် လူအများ၏ ထင်မြင်ယူဆချက်များကို အနီးကပ် စောင့်ကြည့်နေခဲ့ကြသည်။ တုန်းကျွင့်မင်နှင့် ဟိုင်ထန်းအင်တာတိန်းမန့်တို့ ရိုက်နှက်ခံနေရသည်ကို တွေ့သောအခါ နောက်ဆုံးတွင် သူတို့ သက်ပြင်းချနိုင်သွားတော့သည်။

လီရှင်းယွင်က "ငါတို့အမေက ဒီလိုလှည့်ကွက်တွေကို ထိန်းထားပြီး ငါတို့ကို အခုမှပြောလိမ့်မယ်လို့ မထင်ထားဘူး။" ဟု ရေရွတ်လိုက်သည်။ သူမတို့ ညီအစ်မနှစ်ယောက်စလုံး လူထုဆက်ဆံရေးမှာ အလုပ်ရှုပ်နေတာကြောင့် ကောင်းကောင်း အိပ်မပျော်ခဲ့ကြပါဘူး။ အလှအပဆေးလုံးကို နေ့တိုင်း မသောက်ဘူးဆိုရင် သူမဟာ အရမ်းရုပ်ကျသွားလိမ့်မယ်လို့ သံသယဖြစ်မိ

ပါသည်။

ကျုံးရီကလည်း အေးအေးဆေးဆေး အမူအရာပြပြီး "ငါတို့အမေက ငါတို့ကို ဒီအဖြစ်အပျက်တွေကနေ သင်ယူပြီး ကြီးပြင်းလာစေချင်တာလို့ ငါထင်တယ်။" ဟု ပြောလိုက်သည်။

"ငါလည်း ဒါကို သိပါတယ်။" တစ်စုံတစ်ခုကို အမှတ်ရသွားဟန်ဖြင့် လီရှင်းယွင်က ပေ့ါပေ့ါပါးပါး ပြုံးလိုက်သည်။ "ဖုကျယ်နဲ့ တန့်ရှန်တို့ နှစ်ယောက်စလုံး ငါတို့အတွက် စကားပြောပေးလိမ့်မယ်လို့ မထင်ထားခဲ့မိဘူး။ သူတို့ ဒီကိစ္စကြောင့် လုံးဝကို ပြဿနာတတ်သွားနိုင်တယ်။"

ပြိုင်ပွဲမပြီးမီကပင် သူတို့နှစ်ဦးလုံးသည် ကုမ္ပဏီကြီးများနှင့် စာချုပ်ချုပ်ဆိုထားပြီး ဖြစ်သည်။

ကျုံးရီက "လူတိုင်းက တုန်းကျွင့်မင်လို မဟုတ်ဘူး။ သူ့လို ယုတ်ညံ့တဲ့ ရည်ရွယ်ချက်ရှိတဲ့လူက အနည်းငယ်ပဲ ရှိတယ်။" ဟု ပြောလိုက်သည်။

"ဟုတ်တယ်။" လီရှင်းယွင်သည် စိတ်အခြေအနေ ကောင်းမွန်နေပြီး ဒီအချိန်မှာ သူမရဲ့ ကြိုးစားအားထုတ်မှုတွေ တန်ဖိုးရှိနေတုန်းပဲလို့ ခံစားမိပါသည်။ ဒီကမ္ဘာပေါ်မှာ လူဆိုးတွေရှိပေမယ့် လူကောင်းတွေ ပိုများပါသည်။

သူမ သန်းဝေရင်း အိပ်ပျော်ခါနီးအချိန်တွင် ဖန့်ကျွင်းရုံ၏ ချောမောလှပသောပုံစံကို မြင်လိုက်ရသည်။ "အင်း၊ အမေ ပြန်လာပြီလား။"

ဖန့်ကျွင်းရုံက ခေါင်းညိတ်ပြီး "ငါ ဒီနေ့ တစ်ခုခုသွားယူဖို့ ထွက်သွားတာ။" ဟု ပြောလိုက်သည်။

သူမသည် ယခင်က DNA စစ်ဆေးရန်အတွက် ကျန်းဝမ်ယု၊ ကျန်းပိနှင့် စုချင်းရင်တို့၏ ဆံပင်နမူနာများကို ပေးပို့ခဲ့ပြီး ယခုအခါ ရလဒ်များ ထွက်

ပေါ်လာခဲ့ပြီဖြစ်သည်။

အကဲဖြတ်မှုရလဒ်အရ၊ ကျန်းဝမ်ယုနှင့် ကျန်းပိတို့သည် အမှန်တကယ်ပင် ညီအစ်ကိုများ ဖြစ်ကြသော်လည်း ကျန်းဝမ်ယုနှင့် စုချင်းရင်တို့၏ အကဲဖြတ်မှုရလဒ်သည် သူမ မျှော်လင့်ထားသည်ထက် ကျော်လွန်သွားခဲ့သည်။ ၎င်းတို့နှစ်ဦးသည် သားအမိမဟုတ်သော်လည်း ဆက်စပ်မှုရှိပြီး ၎င်းတို့၏ မိခင်ဘက်တွင် အဒေါ်နှင့် တူဖြစ်ဖွယ်ရှိသည့် သွေးသားတော်စပ်မှု ရှိနေပါသည်။ ဖန့်ကျွင်းရုံသည် စုချင်းရင်၏ မိခင်မိသားစုအကြောင်း သိပ်မသိသောကြောင့် သူမသည် ယနေ့တွင် ဟဲကျန့်ပင်းနှင့် စုမိန်တို့ကို အထူးမေးမြန်းခဲ့ပါသည်။

သူတို့ဆီကနေ သူမ ကြားခဲ့ရသည့် စကားတွေအရ ယခင် ဘိုးဘေး စုယွင်ကန်သည် လွန်ခဲ့သော အနှစ်သုံးဆယ်ခန့်က ကွယ်လွန်သွားပြီးနောက် စုမိသားစုသည် တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့သည်။ စုချင်းရင်၏ မောင်ငယ်လေးသည် လူဆိုးတစ်ယောက်ဖြစ်ကာ ငယ်စဥ်ကပင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည်။ စုယွင်ကန်တွင် သားသမီး သုံးဦးရှိပြီး သားတစ်ဦးနှင့် သမီးအမြွှာဖြစ်သည်။

စုချင်းရင်သည် အမြွှာများထဲမှ တစ်ဦးဖြစ်ပြီး သူမတွင် အမြွှာညီမ စုချင်မိန် ရှိသည်။ စုချင်မိန်၏ ခန္ဓာကိုယ်သည် အားနည်းသည်ဟု ဆိုကြသည်။ လွန်ခဲ့သော အနှစ်သုံးဆယ်ခန့်က အဖေစု ကွယ်လွန်သွားပြီးနောက် သူမ၏ အားနည်းသော ခန္ဓာကိုယ်သည် ဆက်သည်းမခံနိုင်တော့ဘဲ မကြာမီ သေဆုံးသွားခဲ့သည်။

ဖန့်ကျွင်းရုံသည် ဘယ်လိုပဲကြည့်ကြည့် အဖြစ်အပျက်တစ်ခုလုံးက သံသယဖြစ်စရာကောင်းတယ်ဟု ခံစားခဲ့ရသည်။ ဒါက အရမ်းတိုက်ဆိုင်လွန်းပြီး အဖေစု သေဆုံးချိန်ဟာ ကျန်းဝမ်ယု မွေးတဲ့နှစ် ဖြစ်ခဲ့သည်။

ဟဲကျန့်ပင်း၏ စကားလုံးများက သူမနှလုံးသားထဲတွင် ရစ်ဝဲလာခဲ့သည်။

"စုချင်းရင်က တကယ် သနားဖို့ကောင်းတယ်။ သူမ ငယ်ငယ်လေး ကတည်းက အရမ်းထူးချွန်ခဲ့ပြီး စုယွင်ကန်က သူမကို အရမ်းချစ်ပြီး သူ သွားလေရာနောက် တစ်ချိန်လုံး ခေါ်ဆောင်လာခဲ့တယ်။ ကြည့်ရတာ သူမရဲ့ အမွေဆက်ခံသူအဖြစ် သတ်မှတ်ထားပုံရတယ်။ နောက်ဆုံးမှာတော့ စုချင်း ရင်က ကျန်းမိသားစုနဲ့ လက်ထပ်ခဲ့ပြီးနောက် ကလေးမွေးဖွားခဲ့ပြီး ဖခင်နဲ့ ညီမ နှစ်ဦးစလုံးကို ဆုံးရှုံးလိုက်ရပြီးနောက်မှာ သူမရဲ့ ခန္ဓာကိုယ်ဟာ ယခင် ကလို မကျန်းမာတော့ဘူး။"

"အဲလိုမဖြစ်ခဲ့ရင် စုမိသားစုက ဒီလိုမျိုး ကျဆုံးသွားမှာ မဟုတ်ဘူး။ ဘယ်လောက် သနားဖို့ကောင်းလိုက်သလဲ။"

စုချင်းရင်၏ အသွင်အပြင်သည် ဖန့်ကျွင်းရုံ၏ အမြင်လွှာတွင် မသိစိတ်က ပေါ်လာသည်။ ဟဲကျန့်ပင်း၏ ပြောစကားနှင့်မတူဘဲ သူမသည် လှပေ သော်လည်း ထိလိုက်တာနဲ့ ကွဲကြေလွယ်သော မီးအိမ်တစ်ခုနှင့်တူသည်။ ဟဲကျန့်ပင်း၏ ဖော်ပြချက်မှ မိန်းကလေးသည် စုချင်မိန်နှင့် ပိုတူသည်။

ခဏနေပါဦး...

ဖန့်ကျွင်းရုံ၏ မျက်လုံးတွေ ပြူးကျယ်လာပြီး သူမ၏ စိတ်ထဲမှာ ပေါ်လာခဲ့ သော အတွေးတစ်ခုကို ဖမ်းဆုပ်လိုက်မိသည်။ တကယ်ပဲ သူမ တွေးနေ သလို မဖြစ်နိုင်ဘူးလား။

***

## အခန်း (၂၇၇)
## – စာရွက်စာတမ်းများအားလုံးကို ဖယ်ထုတ်လိုက်ပြီး၊ ဖန့်ကျွင်းရုံသည် ကျန်းဝမ်ယုနှင့် တွေ့ဆုံရန် စီစဥ်ခဲ့သည် (၃)

*

အကယ်၍ လက်ရှိ စုချင်းရင်သည် စုချင်းရင် အစစ်အမှန် မဟုတ်သော်လည်း ဟိုးအရင်ကတည်းက သေဆုံးသွားခဲ့ပြီဟု သတ်မှတ်ထားခဲ့သော စုချင်းမိန်သာဆိုလျှင် အရာအားလုံးက ရုတ်တရက် အဓိပ္ပါယ်ရှိလာပါသည်။

စုချင်းရင်က ကျန်းဝမ်ယုကို ဘာကြောင့် ဒီလောက် ရန်လိုနေရတာလဲ။ ဘာကြောင့်လဲ ဆိုတော့ သူမ ပိုင်ဆိုင်သမျှ အရာအားလုံးက သူမ တခြားသူဆီက လုယူထားခဲ့တာ ဖြစ်လို့ပါပဲ။ ထို့ကြောင့် သူမထံမှ ထိုအရာအားလုံးကို ဖယ်ထုတ်ခံရမည်ကို စိုးရိမ်နေခြင်းက အဓိပ္ပါယ်ရှိပေသည်။

သူတို့ရဲ့ မျိုးနွယ်စုခေါင်းဆောင် ကျန်းခိုင်ဟွိုက်က ကျန်းဝမ်ယုကို သူ့မျိုးဆက်ရဲ့ အကြီးဆုံးသားအဖြစ် စာရင်းသွင်းခဲ့သော်လည်း စုချင်းရင်သည် စကားတစ်ခွန်းမှ မပြောဘဲ၊ သူမ၏ သဘောထားကို မပြဝံ့ဘဲ အားလုံးရှေ့မှောက်တွင် သားအမိလို ပြုမူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျန်းဝမ်ယုသည် အမှန်ပင် သူ့မျိုးဆက်တွင် ကျန်းအိမ်တော်၏ သားအကြီးဆုံးဖြစ်သောကြောင့် ဖြစ်သည့်အပြင် မူလက စုဇနီးသည်မှ မွေးဖွားခဲ့သော သားယောကျာ်းလေး ဖြစ်သည်။

အရင်ဘဝတုန်းက ကျန်းဝမ်ယုသည် ဤအရာများကို ရှင်းရှင်းလင်းလင်း

စုံစမ်းသိရှိထားပြီး ဖြစ်သောကြောင့် ကျန်းမိသားစုကို ဆန့်ကျင်ပြီး သူတို့ကို အရှုံးအမှုး လက်စားချေခဲ့သည်။ သုတေသနကလွဲလို့ ဘာကိုမှ မသိတဲ့လူ တစ်ယောက်ဟာ သူ စက်ဆုပ်ရွံ့ရှာတဲ့ လှုပ်ရှားမှုတွေ ပါဝင်ဖို့ လိုအပ်ခဲ့ ပါသည်။

ဖန့်ကျွင်းရုံ၏ မျက်နှာသည် မည်းမှောင်လာပြီး မမြင်နိုင်သောလက်များ က သူမ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လှုပ်နှိုးလိုက်သကဲ့သို့ ပျို့အန်ချင်လာခဲ့ပြီး ဗိုက်နာလာစေခဲ့သည်။

သေချာပါတယ်၊ ရက်စက်တဲ့ လူတစ်ယောက်မှာ အကန့်အသတ်ဆိုတာ မရှိဘူး။

ဖန့်ကျွင်းရုံဟာ သက်ပြင်းချလိုက်မိသည်။ ဒါတွေအားလုံးဟာ သူမရဲ့ ထင်မြင်ယူဆချက်တွေချည်းပါပဲ။ သူမ သက်သေပိုလိုအပ်သည်။

ဖန့်ကျွင်းရုံသည် အခြားနှစ်ယောက်ထံမှ အချက်အလက်များကို ဆက်လက်စုဆောင်းခဲ့ပြီး နောက်ဆုံးမှာတော့ စုချင်းရင်နဲ့ စုချင်းမိန်တို့ ညီအစ်မနှစ်ယောက်ရဲ့ ကောလိပ်အတန်းဖော်ဟောင်းတွေကို ဆက်သွယ်နိုင်မည့် အချက်အလက်ကို ရရှိခဲ့ပါသည်။

ဖန့်ကျွင်းရုံသည် လူကိုယ်တိုင် ပေါ်လာခြင်းမရှိသော်လည်း ထိုသူငယ်ချင်းများထံ ဆက်သွယ်ရန် တစ်စုံတစ်ဦးကို စေလွှတ်ခဲ့သည်။ သူမသည် ကောလိပ်တက်စဉ်က အတန်းဖော်များနှင့် ရိုက်ကူးခဲ့သော ဓာတ်ပုံအချို့ကို အောင်မြင်စွာ ရရှိခဲ့သည်။

စုချင်မိန်၏ ဓာတ်ပုံများမှာ အနည်းငယ်သာရှိပြီး ဓာတ်ပုံအများစုမှာ လူများနှင့် အဖွဲ့လိုက် ဓာတ်ပုံတွေ ဖြစ်ပါသည်။ စုချင်မိန်၏ ဓာတ်ပုံများတွင် စုချင်းရင်ကို မကြာခင်က တွေ့ဖူးသည့်အတိုင်း သူမ၏ မျက်ခုံးများကြားတွင် ဝမ်းနည်းကြေကွဲမှုတစ်ခု ရှိနေခဲ့သည်။

ဖန့်ကျွင်းရုံသည် စုချင်းရင်ကို ပြန်ကြည့်လိုက်တော့ သူမသည် စုချင်မိန်နှင့် ရုပ်ချင်းတူသော်လည်း သူတို့၏ စိတ်နေစိတ်ထားများမှာ အလွန်ကွဲပြားပါသည်။ သူမ၏ အပြုံးသည် တောက်ပနေပြီး သူမ၏ အကြည့်တွေက တည်ငြိမ်နေပါသည်။ သူမကိုကြည့်ရတာ ခိုင်မာပြီး ယုံကြည်မှုရှိတဲ့ ကိုယ်ရည်ကိုယ်သွေးရှိသူတစ်ယောက်လိုပါပဲ။ အထူးသဖြင့် သူမ၏ မျက်လုံးများသည် ကျန်းဝမ်ယုနှင့်တူသည်။

ဖန့်ကျွင်းရုံ၏ နှလုံးသားထဲမှ ကျောက်တုံးဟာ မြေပြင်ပေါ်သို့ ပြုတ်သွားသည်။ သူမမှာ ကြိုတင်အဖြေတစ်ခု ရှိပြီးသားပါ။ သူမ ခန့်မှန်းတာ မှန်ကန်ခဲ့လျှင် စုချင်မိန်သည် စုချင်းရင် ကွယ်လွန်ပြီးနောက် စုချင်းရင်နေရာမှာ အစားထိုးထားခဲ့သော ကျန်းမိသားစု၏ ချွေးမဖြစ်သည်။ ငယ်စဉ်က ကျန်းဝမ်ယုတစ်ယောက် ပြန်ပေးဆွဲခံရသည့်အမှုသည် သူမ လုပ်ခဲ့တာ ဖြစ်ကောင်းဖြစ်နိုင်သည်။ ဒီလိုမှမဟုတ်ရင် မျိုးနွယ်ကြီးတစ်ခုမှ သခင်လေးတစ်ဦးအနေဖြင့် မျက်နှာသာမရဘူးဆိုရင်တောင် သူ့ကို ပြုစုစောင့်ရှောက်ဖို့ ကလေးထိန်းများစွာ ရှိနေလိမ့်မည်။ ဒါပေမယ့် သူသည် ပြန်ပေးဆွဲခံရပြီး ရောင်းစားခံခဲ့ရသည်။ ဒီဖြစ်ရပ်မှာ လှည့်ကွက်မရှိဘူးလို့ပြောရင် ဘယ်သူယုံမှာလဲ။

ဖန့်ကျွင်းရုံသည် သူမ စုဆောင်းထားတဲ့ အချက်အလက်တွေကို ဘေးဖယ်လိုက်ပြီး ကျန်းဝမ်ယုနဲ့ တွေ့ဆုံဖို့ စီစဉ်ခဲ့သည်။

***

ဓာတ်ခွဲခန်းအတွင်းတွင် ကျန်းဝမ်ယုသည် သူ့ရဲ့ ဓာတ်ခွဲခန်းအင်္ကျီကို ပြောင်းလိုက်ပြီး လက်အိတ်တွေကို ဖယ်ရှားကာ သူ့လက်ချောင်းလေးတွေကို ဖော်ထုတ်လိုက်ပါသည်။

သူက ခေါင်းလှည့်ပြီး သူ့လက်ထောက်ကို "အဲဒီဓာတ်ကူပစ္စည်းတွေကို

ပြီးအောင်လုပ်ပြီးရင် မင်း အရင်ပြင်နှင့်လို့ရတယ်။" ဟု ပြောလိုက်သည်။

ချန်ရှင်းသည် လွန်ခဲ့သည့် ရက်အနည်းငယ်က ငှားရမ်းခဲ့သော လက်ထောက်တစ်ဦးဖြစ်သည်။ သူ့ရဲ့ အဓိကတာဝန်မှာ ဓာတ်ကူပစ္စည်းများကို ရောစပ်ရန် ကူညီပေးရခြင်း ဖြစ်သည်။ ကျန်းဝမ်ယု၏ အခြား လက်ထောက်နှစ်ဦးက ကိရိယာတန်ဆာပလာများကို သန့်ရှင်းရေးလုပ်ရန် တာဝန်ယူခဲ့သည်။ ချန်ရှင်းည် သာမန်အချိန်များတွင် စကားများများစားစား ပြောတတ်ပုံမပေါ်ဘဲ သူ့ကို တာဝန်ပေးထားသည့် မည်သည့်တာဝန်ကိုမဆို ပြီးမြောက်အောင် လုပ်ဆောင်နိုင်သူ ဖြစ်သည်။ ကျန်းဝမ်ယုသည် ဤ လက်ထောက်အသစ်က ကျန်းပိမှ စေလွှတ်ထားသည့် သူလျှိုတစ်ဦး ဖြစ်ကြောင်း ကောင်းကောင်းသိပါသည်။

ကျန်းပိ၏ နောက်ထပ်လှုပ်ရှားမှုတွေကို သူ သိချင်သောကြောင့် ချန်ရှင်း ကို သူ့အနားတွင် ဆက်နေခွင့်ပြုခဲ့သည်။ သို့သော် သူသည် ဓာတ်ခွဲခန်းတွင် မည်သည့်ဒေတာကိုမျှ မချန်ထားခဲ့ဘဲ စာရွက်ပေါ်မှာ ချရေးပြီး သူနဲ့အတူ ယူသွားခဲ့သည်။

ကျန်းမိသားစုမှာ ကုန်ဆုံးခဲ့တဲ့ အချိန်အများစုကို ရေမြှုပ်တစ်ခုကဲ့သို့ ကုန်ဆုံးစေပြီး ကျန်းမိသားစု၏ အသိပညာအချို့ကို စုပ်ယူခဲ့သည်။ ကျန်တဲ့ အချိန်မှာတော့ သူကိုယ်တိုင် စမ်းသပ်မှုလေးတွေ ပြုလုပ်ခဲ့သည်။ ကျန်း မိသားစုဟာ သူတို့၏ တကယ့်လျှို့ဝှက်ဆေးနည်းတွေကို သူ့အား ဘာမှ မပြ ရသေးဘူးဆိုတာ သူ ကောင်းကောင်းသိပါသည်။ သူတို့သည် ယခုအချိန် အထိ သူ့ကို သူတို့ရဲ့ ဖော်ထုတ်ပြသပြီးသား ဆေးနည်းများကိုသာ ပြသခဲ့ ပါသည်။ ဒါပေမယ့် ဒါတွေနဲ့တင် သူ့အသိဥာဏ်နဲ့ ပေါင်းစည်းဖို့ လုံလောက်နေခဲ့ပြီ။

အထူးသဖြင့် ဆေးဝါးများ၏ ဂုဏ်သတ္တိများကို ထိန်းသိမ်းစောင့်ရှောက်

သည့်နည်းလမ်းများထဲမှ တစ်ခုက သူ့ကို အံ့အားသင့်စေခဲ့သည်။ ထိုနည်းလမ်းကို အသုံးပြုပြီး အလုအပဆေးလုံးများ၏ သက်တမ်းရှည်ကြာစေရန် အလုအပဆေးလုံးများတွင် အသုံးချနိုင်ကြောင်း သူ ခံစားခဲ့ရသည်။ ယခု အချိန်အထိ အလုအပဆေးလုံးများသည် ထုတ်လုပ်ပြီးအချိန်မှ နောက် ၆လ အထိသာ သက်တမ်းရှိသည်။ ၆ လ ကျော်သွားလျှင် သက်တမ်းကုန်ဆုံးသွားပြီဖြစ်ကာ အာနိသင် မရှိတော့ပေ။

***